မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
July 28 , 2025 Volume 92, Number 19

| ၂၈. ၇.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၃.၆၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၆.၄၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၉.၀၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၀.၆၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၇၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၅၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၇၈ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ကျွန်းစားတော်ပဲ၊ ပဲကြီး၊ ပဲနီပြာမှာ လက်ကျန်နည်းလာတာကြောင့် စံချိန်တင်ဈေးမြင့်တက်နေ




ဇူလိုင်လဆန်းကတည်းက ဈေးမြင့်တက်နေသည့် ကျွန်းစားတော်ပဲ၊ ပဲကြီး၊ ပဲနီပြာများမှာ လက်ကျန်ပစ္စည်းနည်းလာတာကြောင့် ဆက်လက်ဈေးမြင့်တက်နေရာ ယခင်သီတင်းပတ်ထက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅,၀၀၀-၂၀,၀၀၀ ခန့်ဈေးမြင့်တက်လာကြောင်း ပဲကုန်သည်များထံက သိရသည်။

ပဲမာလိုင်းများဈေးမြင့်တက်နေသော်လည်း ပို့ကုန်မတ်ပဲ၊ ပဲစင်းငုံများမှာ ဈေးတည်ငြိမ်လျက်ရှိပြီး ဒေသအစုံမှဝင်ရောက်နေသည့် နှမ်းနက်များ ဈေးကွက်အတွင်းအဝင်ရှိသလောက် အဝယ်သွက်နေကြောင်း၊ ယခင်သီတင်းပတ်ကတည်းက ဈေးမြင့်တက်နေသည့် ပဲကြီး၊ စားတော်ပဲ၊ ပဲနီပြားများမှာ စံချိန်တင်ဈေးများဖြစ်လာကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင်ကပြောသည်။

“ပို့ကုန်ပဲတွေရော ပြည်တွင်းကုလားပဲတွေရော ဈေးအတက်အကျ သိပ်မရှိပါဘူး၊ ဈေးငြိမ်နေပါတယ်။ပဲကြီး၊ ကျွန်းစားတော်ပဲ၊ ပဲနီပြားတွေကတော့ စံချိန်တင်ပေါက်ဈေးတွေဖြစ်လာပါတယ်။ ပဲကြီးတစ်အိတ် ငွေကျပ် ၃၆၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ် ငွေကျပ် ၆၀၀,၀၀၀၊ ပဲနီပြားတစ်အိတ် ငွေကျပ် ၅၀၀,၀၀၀ ထိပေါက်ဈေး ဖြစ်လာပါတယ်” ဟု ၎င်းကပြောသည်။

ဇူလိုင် ၂၆ ရက်တွင် ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၆၇,၀၀၀၊ မတ်ပဲပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၅,၀၀၀၊ ပဲတီစိမ်း ၃၇၀,၀၀၀ ပေါက်ဈေးရှိသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ဈေးငြိမ်အဝယ်အေးနေရာ V2 ကုလားပဲတစ်အိတ် လျှင် ငွေကျပ် ၂၆၅,၀၀၀၊ V7 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၇,၀၀၀၊ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၅,၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၇,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းအချို့ စံချိန်တင်ဈေးမြင့်တက်လာရာ ဇူလိုင် ၂၆ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၆၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၆၃၀,၀၀၀၊ ပဲနီပြားတစ်အိတ်လျှင် ငွေကျပ် ၅၀၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၁၅,၀၀၀၊မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၅၄၅,၀၀၀ ထိ ဈေးမြင့်တက်လာသည်။

နှမ်းနက်မှာ တရုတ်လိုင်းအဝယ်ကောင်းနေရာ နယ်စုံမှဝင်ရောက်နေသလောက် အဝယ်ရှိနေရာ ဇူလိုင် ၂၆ ရက် နှမ်းနက်သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၅၀,၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၃,၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၁၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၇,၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၄၄၅၀ အသီးသီးပေါက်ဈေးရှိနေကြောင်းရသည်။

**Source: မကွေးဂျာနယ်**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၁-၇-၂၀၂၅ မှ ၂၅-၇-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၉၉၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၃၀၈,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၇၉၈,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂၈,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၂၈,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၁၆,၀၀၀ အသီးသီးဈေး မြင့်တက်ခဲ့သည်။ယခင်အပတ်ကကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop)ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၉၀ လုံး (တန်ချိန် ၂၁၆၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၁၀,၅၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၁၅၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၁၅၀၀ (၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၁၇၀၀ (၃၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၂၀၀(၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၆၂၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သောထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၅၆၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၈၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၃၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း)ကျပ် ၄၇၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက် ၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၁-၇-၂၀၂၅ မှ ၂၅-၇-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှကြက်သွန်နီများနေ့စဉ်ဝင်ရောက်လျက်ရှိရာကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၃၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၈၅၀ ၊ မုံရွာသစ်ရှယ် ကျပ် ၁၆၀၀ ၊ မုံရွာ လတ်ကြီး ကျပ် ၁၅၀၀ ၊ မုံရွာလတ်သန့် ကျပ် ၁၃၅၀ နှင့် မုံရွာလတ်ချော ကျပ် ၈၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူလတ်သန့် ကျပ် ၅၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက် ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၃၅ စီး (၈၁၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၄၀ စီး (၈၄၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၅ စီး (၃၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၁၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၃၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၇၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၆၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၅၀၀ ၊ အောင်ပန်းထူး -၂ ကျပ် ၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၂၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၂၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၉၀၀(၈၇,၀၀၀ ပိဿာ )ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၅၀၀ (၁၀၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၆၀၀ (၁၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့နှင့် တရုတ်မှအာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၄၃၀၀၊ အောင်ပန်း Ok ကျပ် ၄၄၀၀ ၊ အောင်ပန်း S1 ကျပ် ၄၅၀၀၊ အောင်ပန်း S2 ကျပ် ၄၂၀၀ နှင့် တရုတ်အာလူး ကျပ် ၅၂၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အာလူးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၃၆ စီး(၂၁၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၃၃ စီး (၁၉၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃ စီး (၁၈,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## PHARMA CONNECT 2025 ကျင်းပ




ဆေးဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ရည်ရွယ်ပြီး PHARMA CONNECT 2025 ဆွေးနွေးပွဲကို ဇူလိုင်လ ၂၅ ရက် ညနေပိုင်းက ရန်ကုန်မြို့ Pan Pacific ဟိုတယ်မှာ ကျင်းပပြုလုပ်ပါတယ်။

ဆွေးနွေးပွဲမှာဆေးဝါးကဏ္ဍမှာရှိတဲ့ မူဝါဒချမှတ်သူတွေ၊ ဆေးဝါးလုပ်ငန်းရှင်တွေ ၊စက်မှုလုပ်ငန်းရှင်တွေ ၊ ဆေးဝါးတင်သွင်းတဲ့ကုမ္ပဏီတွေနဲ့ပညာရှင်တွေ တွေ့ဆုံပြီး ဆေးဝါးကဏ္ဍဖွံ့ဖြိုးရေးကို စုပေါင်းဆွေးနွေးကြတာပါ။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ဆေးဝါးကုန်သွယ်မှုအခြေအနေ၊ အခွင့်အလမ်းနဲ့နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်နိုင်ရေးတွေကို ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။ ဆွေးနွေးပွဲကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးနဲ့ အိန္ဒိယ-မြန်မာကုန်သည်ကြီးများအသင်းတို့ ပူးပေါင်းကျင်းပတာဖြစ်ပါတယ်။

တွေ့ဆုံဆွေးနွေးပွဲကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E .Shri Abhay Thakur ၊ အိန္ဒိယမြန်မာကုန်သည်ကြီးများအသင်း President Mr Naresh Kumar Dinodiya ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ၊ အကောက်ခွန်ဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သည်စက်မှုအသင်းချုပ်က တာဝန်ရှိသူတွေနဲ့ ဆေးဝါးတင်သွင်းတဲ့ကုမ္ပဏီတွေအပါအဝင် ဖိတ်ကြားထားတဲ့ဧည့်သည်တွေ တက်ရောက်ခဲ့ကြပါတယ်။

Source: https://onenewstvchannel.com/

## မြန်မာ့ထောပတ်သီး တရုတ်ပြည်သို့တင်ပို့ရန် ပိုးမွှား ၆ မျိုး စစ်ဆေးမည်



မြန်မာ့ဒေသထွက် ထောပတ်သီးကို တရုတ်နိုင်ငံသို့ လာမည့် အောက်တိုဘာလအတွင်း တင်ပို့ခွင့်ရရှိနိုင်ရန် ပိုးမွှား ၆မျိုး စစ်ဆေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း (MAVO)က သိရသည်။

တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ GACC မှ ပိုးမွှား ၆ မျိုး စစ်ဆေးရန်အတွက် ခြံပိုင်ရှင်များက ပူးပေါင်းဆောင်ရွက်ကြရန် မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း MAVO နှင့် ခြံစိုက်လုပ်ငန်းရှင်များ၊ တောင်သူများ တွေ့ဆုံဆွေးနွေးမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိပြည်နယ်ဦးစီးမှူးရုံးခန်းမ၌ပြီးခဲ့သည့်ဇူလိုင်လ၁၉ရက်နေ့ကပြုလုပ်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံမှ ထောပတ်သီးများကို နှစ်အလိုက်တင်ပို့ဖို့ အလားအလာရှိသည့် တရုတ်၊ အိန္ဒိယ၊ရုရှားနှင့်အရှေ့အလယ်ပိုင်းနိုင်ငံများ၏ တင်သွင်းမှုဈေးကွက်အခြေအနေများရှိကြောင်းနှင့်၎င်းအပြင်ယခုရာသီ၌စင်ကာပူ၊မလေးရှားနှင့် ထိုင်းနိုင်ငံ ဈေးကွက်များသို့ တင်ပို့ရန်လျာထားကြောင်း သိရသည်။

ထို့ကြောင့် ထောပတ်သီး စိုက်ပျိုးထုတ်လုပ်မှုအတွက် သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအား အသင်းဝင်တောင်သူများထံသို့ အကျိုးတူပူးပေါင်း၍ ဆောင်ရွက်ပေးမှာဖြစ်ကြောင်းနှင့် ဈေးကွက်ရရှိရန် အရည်အသွေးကောင်း စံချိန်မီအသီးများ ထုတ်လုပ်နိုင်ရန်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပြည်နယ်ဦးစီးမှူးရုံး တာဝန်ရှိသူများကလည်း ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ထောပတ်သီးများကို ရှမ်းပြည်နယ်တောင်ပိုင်း မြို့နယ်များ၌ ယခင်ဒေသမျိုးများအပြင် အမေရိကန်နိုင်ငံကယ်လီဖိုးနီးယား မှ တင်သွင်းခဲ့သည့် နိုင်ငံတကာဈေးကွက်ဝင် မျိုးများဖြစ်သည့် Hass, Bacon, Fuerte, Lamb Hass, Reed, Zutano စသည့်မျိုး များကို ၂၀၁၈ ခုနှစ်တွင် ကိုင်းဆက်၍ စတင်စိုက်ပျိုးခဲ့ကြပြီး စိုက်ပျိုးမှုဧကအနေဖြင့် ၁၀,၀၀၀ မှ ၁၅,၀၀၀ခန့် စိုက်ပျိုးထားကာ နှစ်စဉ် တန် ၅၀၀ မှ ၁၀၀၀ ခန့် ထွက်ရှိနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ထောပတ်သီးနှင့်ဆက်စပ်သည့် တန်ဖိုးမြင့်စားသောက်ကုန်၊လူသုံးကုန်ပစ္စည်းများ တင်ပို့နိုင် ရေးနှင့်စပ်လျဉ်း၍ လက်ရှိတွင် ထောပတ်သီးစိမ်းကို လတ်ဆတ်သောသစ်သီးဝလံအဖြစ် တင်ပို့နိုင်ရေးအတွက် အန္တရာယ်ရှိ ဖျက်ပိုးများအတွက် လေ့လာအကဲဖြတ်ခြင်း (Pest Risk Analysis (PRA)ကို အဝေးရောက်စနစ်ဖြင့် လေ့လာအကဲဖြတ်ခြင်း (Remote Video Inspection) ကျင့်သုံးဆောင်ရွက်ရန် နှစ်နိုင်ငံအကြားသဘောတူပြီးဖြစ်ကြောင်းနှင့် ထောပတ်သီးနှင့် ဆက်စပ်သော တန်ဖိုးမြင့်စားသောက်ကုန်များဖြစ်သည့်ထောပတ်သီးဆီ၊ဖျော်ရည်များ၊အအေးခဲသစ်သီးများကိုတင်ပို့ရန် GACC ၏ CIFER system မှတစ်ဆင့် လျှောက်ထားနိုင်ကြောင်းသိရသည်။

Source: **https://www.npnewsmm.com/**

## အိန္ဒိယနိုင်ငံသည် ၂၀၄၇ ခုနှစ်တွင် ပြောင်းသီးနှံထုတ်လုပ်မှု နှစ်ဆကျော်တိုးမြှင့်နိုင်ဟု စိုက်ပျိုးရေးဝန်ကြီးပြောကြား

အိန္ဒိယနိုင်ငံသည် လက်ရှိ ပြောင်းသီးနှံထုတ်လုပ်မှုတန်ချိန် ၄၂ ဒသမ ၃ သန်းမှ ၂၀၄၇ ခုနှစ်တွင် တန်ချိန် ၈၆ သန်းအထိ နှစ်ဆကျော်တိုးမြှင့်ထုတ်လုပ်နိုင်ကြောင်းနှင့် ကစီဓာတ်ပိုမိုပါဝင်ပြီး အထွက်နှုန်းမြင့်မားသော မျိုးစေ့များဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုက်တွန်းခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီး Shivraj Singh Chouhan က ဇူလိုင်လ ၇ ရက်နေ့က ပြောကြားခဲ့သည်။

FICCI အသင်းမှ ကြီးမှူးကျင်းပသည့် ၁၁ ကြိမ်မြောက် ပြောင်းသီးနှံထိပ်သီးညီလာခံ(The 11th maize summit)တွင် ကမ္ဘာ့ ပဉ္စမအကြီးဆုံးပြောင်းထုတ်လုပ်သည့်နိုင်ငံအနေဖြင့် မျိုးရိုးဗီဇပြုပြင်ထားသော မျိုးစေ့များအသုံးမပြုဘဲ ထုတ်လုပ်မှုစွမ်းအား ကိုမြှင့်တင်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ မျိုးရိုးဗီဇပြုပြင်ထားသောမျိုးစေ့များကို အသုံးပြုထားခြင်းမရှိပါဘူး။ အဲဒီလိုအသုံးမပြုထားပေမဲ့ ထုတ်လုပ်မှုအဆင့်ကို မြှင့်တင်နိုင်ဆဲဖြစ်ပါတယ်" ၎င်းကပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပျမ်းမျှပြောင်းသီးနှံထုတ်လုပ်မှုစွမ်းအားသည်တစ်ဟက်တာလျှင်၃ ဒသမ ၇ တန် ရှိပြီး၊ အနောက်ဘင်္ဂလား ပြည်နယ်နှင့် ဘီဟာပြည်နယ်ကဲ့သို့သော အချို့ပြည်နယ်များသည် နိုင်ငံလုံးဆိုင်ရာ ပျမ်းမျှနှုန်းထက် ပိုမိုမြင့်မားစွာစွမ်းဆောင် နိုင်သော်လည်း ခြုံငုံကြည့်ပါက အထွက်နှုန်းများကို တိုးမြှင့်ရန်လိုအပ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အိန္ဒိယစိုက်ပျိုးရေးဆိုင်ရာသုတေသနကောင်စီ(Indian Council of Agricultural Research–ICAR)အနေဖြင့် ပြောင်းမျိုးစပ် ၇၇ မျိုးနှင့် ဇီဝအာဟာရဖြည့်တင်းထားသော မျိုး ၃၅ မျိုးအပါအဝင် ပြောင်းသီးနှံမျိုးကွဲပေါင်း၂၆၅ မျိုးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း ဆက်လက်လုပ်ဆောင်ရန် များစွာကျန်ရှိနေသေးကြောင်း ဝန်ကြီး၏ အဆိုအရ သိရသည်။

"ပြောင်းသီးနှံတွင် ကစီဓာတ်ပါဝင်မှုကို တိုးမြှင့်ရန်လိုအပ်ပါတယ်။ လက်ရှိ ၆၅ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းရှိသည့်အဆင့်မှ ၇၂ ရာခိုင်နှုန်းအထိတိုးမြှင့်ရန်လိုအပ်ပြီး၊ သို့မှသာ ၎င်းကို ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြား ခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ပြောင်းသီးနှံထုတ်လုပ်မှုသည် ၁၉၀၀ ပြည့်နှစ်များတွင် တန်ချိန် ၁၀ သန်းရှိခဲ့ရာမှ လက်ရှိတွင် တန်ချိန် ၄၂ ဒသမ ၃ သန်းအထိတိုးတက်လာခဲ့ကြောင်း သိရသည်။

ပြောင်းထုတ်လုပ်မှုတိုးမြှင့်ရန်အတွက် စပါးစိုက်ပျိုးမှုကို အဓိကထားသည့် Punjab နှင့် Haryana ကဲ့သို့သောပြည်နယ်များသည် ပြောင်းသီးနှံအား ကူးပြောင်းစိုက်ပျိုးသင့်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်)လျှင် ရူပီး ၂,၄၀၀ ရှိသောကြမ်းခင်းဈေး (MSP)အောက်တွင်ရှိခဲ့သည့် ပြောင်းဈေးနှုန်းများသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အစိုးရမှ အီသနောရောစပ်မှုပန်းတိုင်ရည်မှန်းချက် ၂၀ ရာခိုင်နှုန်းသတ်မှတ်ခဲ့ပြီးနောက်ပိုင်းတွင် ပြန်လည်ခိုင်မာလာခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြား ခဲ့သည်။

ဝန်ကြီးက အရည်အသွေးမပြည့်မီသော မျိုးစေ့များ၊ ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများရောင်းချမှုအပေါ် စိုးရိမ်ကြောင်း ဖော်ပြခဲ့ပြီး၊ ယင်း သို့ထောက်ပံ့ရောင်းချသူများနှင့် ထုတ်လုပ်သူများကို အရေးယူနိုင်မည့် မူဝါဒမူဘောင် တစ်ရပ်ချမှတ်ရန်လည်း တိုက်တွန်းခဲ့ကြောင်း သိရသည်။

ကြက်မွေးမြူရေးလုပ်ငန်းကိုယ်စားလှယ်များက ပြောင်းအစာဈေးနှုန်းမြင့်တက်လာမှုအပေါ် စိုးရိမ်ကြောင်းပြောကြားရာတွင်၊ Chouhan က "တောင်သူများကိုဈေးကောင်းရပါစေ၊ ကျွန်တော်တို့က ခင်ဗျားတို့ရဲ့ပြဿနာကို အခြားနည်းလမ်းနဲ့ဖြေရှင်းပေးပါ့မယ်။ ထုတ်လုပ်မှုကတော့ ဆက်လက်တိုးတက်ရမှာပါ"ဟုပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။

ထို့ပြင် Corteva Agriscience ၏ တောင်အာရှဆိုင်ရာဥက္ကဋ္ဌနှင့် FICCI ၏ စိုက်ပျိုးရေးကော်မတီပူးတွဲဥက္ကဋ္ဌဖြစ်သူ Subroto Geed က ပြောင်းသီးနှံ၏ ဝယ်လိုအားနှင့် ရောင်းလိုအားကွာဟချက်ကို ပေါင်းကူးပေးရန်အတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် ဆန်းသစ်တီထွင်မှုများလိုအပ်ကြောင်း ပြောကြားခဲ့သည်။

**Source: The Hindu Businessline, India aims to double maize output to 86 mn tonne by 2047: Agri Minister, July 7, 2025**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/

## သံတမန်ဆက်ဆံရေး ၆၅ နှစ် ပြည့်သည့် အထိမ်းအမှတ်အနေဖြင့် တရုတ်-ဂါနာ ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈ ဘီလီယံရှိခဲ့



ဂါနာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Tong Defa က ဂါနာနှင့် တရုတ်နိုင်ငံကြား နှစ်နိုင်ငံ ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် တစ်နှစ်ထက်တစ်နှစ် ၇ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဂါနာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Tong Defa က ဇူလိုင်လ ၈ ရက်နေ့တွင် ပြောကြားခဲ့သည်။

နှစ်နိုင်ငံကြားဆက်ဆံရေး ၆၅ နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် လှုပ်ရှားမှုများစတင်ခြင်း အခမ်းအနားတွင် Tong က ယခု သိသာထင်ရှားသော တိုးတက်မှုသည် တရုတ်နှင့်ဂါနာကြား ခိုင်မာသောစီးပွားရေးနှောင်ကြိုးများကို သက်သေပြခြင်းဖြစ်ကြောင်း Tong က ပြောကြားခဲ့သည်။

ထို့ပြင် ဂါနာတွင် အခြေခံအဆောက်အအုံ၊ ကုန်ထုတ်လုပ်မှု၊ သတ္တုတူးဖော်ရေး၊ လေကြောင်း၊ အစိမ်းရောင်စွမ်းအင်နှင့် ရေနံချက်လုပ်ခြင်းစသည့်ကဏ္ဍများတွင် ရာနှင့်ချီသော တရုတ်စီးပွားရေးလုပ်ငန်းများရင်းနှီးမြှုပ်နှံခဲ့ပြီး ဒေသတွင်းစက်မှုလက်မှုလုပ်ငန်းကိုမြှင့်တင်ရာတွင် များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သံအမတ်ကြီးက ပြောကြားခဲ့သည်။

အစိုးရအဆက်ဆက်၏ စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်မှုကြောင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် လွန်ခဲ့သည့် ၆၅ နှစ်အတွင်း တိုးတက်လာခဲ့ကြောင်း Tong က ပြောကြားခဲ့သည်။

GHACHIFA ဥက္ကဋ္ဌ Anani Demuyakor က Ghanaian ကျောင်းများတွင် တရုတ်ဘာသာစကားသင်ယူခြင်း၏ ရေပန်းစားမှုသည် ဂါနာနိုင်ငံသားများနှင့် ၎င်းတို့၏ တရုတ်လုပ်ဖော်ကိုင်ဖက်များကြားတွင် ဘာသာစကားအတားအဆီးကို တစ်ဖြည်းဖြည်း ချိုးဖျက်သွားကြောင်း ပြောကြားခဲ့သည်။


“လာမဲ့နှစ်အနည်းငယ်အတွင်းမှာဂါနာမှာနေထိုင်တဲ့ ဂါနာနိုင်ငံသားတွေနဲ့တရုတ်တွေကြားအပြန်အလှန်နားလည်မှုကို နက်ရှိုင်းအောင် လုပ်ဆောင်သွားမှာပါ” ဟု Demuyakor က ပြောကြားခဲ့သည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ကင်ညာ၏အခွန်ဝင်ငွေသည် ၂၀၂၅ ခုနှစ်တွင် ၁၉ ဒသမ ၉ ဘီလီယံဒေါ်လာအထိရောက်ရှိခဲ့



ကင်ညာနိုင်ငံသည် ဇွန်လ ၃၀ ရက်နေ့ ကုန်ဆုံးမည့်ဘဏ္ဍာရေးနှစ်အတွက် အခွန်ငွေ ၂ ဒသမ ၅၇ ထရီလီယံရှီလင် (အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉ ဘီလီယံ)ကို မှတ်တမ်းတင်ခဲ့ပြီး ယခင်ဘဏ္ဍာရေးနှစ်ထက်၆ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်မှုကိုကိုယ်စားပြုသည်ဟု နိုင်ရိုဘီမြို့ဝင်ငွေအေဂျင်စီက ဇူလိုင်လ ၁၀ ရက်နေ့တွင် ပြောကြားခဲ့သည်။

Kenya Revenue Authority (KRA) ၏ကော်မရှင်နာချုပ် Humphrey Wattanga က ဝင်ငွေစွမ်းဆောင်ရည်သည် စိုက်ပျိုးရေး၊သစ်တောနှင့်ငါးဖမ်းခြင်း၊ဘဏ္ဍာရေးနှင့် အာမခံလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးနှင့်သိုလှောင်မှုနှင့် အိမ်ခြံမြေကဲ့သို့သော အဓိကကဏ္ဍများတွင်မှတ်သားဖွယ်တိုးတက်မှုများနှင့်အတူလက်ရှိစီးပွားရေးအခြေအနေများကိုထင်ဟပ်စေသည်ဟု ပြောကြားခဲ့သည်။

"KRA ၏ ခိုင်မာသောအစီအမံများသည်ဘဏ္ဍာရေးနှစ်၏ဒုတိယနှစ်ဝက်တွင်သိသာထင်ရှားသော ဝင်ငွေစုဆောင်းမှု အလှည့်အပြောင်းကိုဖြစ်ပေါ်စေသည်"ဟု Wattangaက ကင်ညာနိုင်ငံမြို့တော်နိုင်ရိုဘီတွင် ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

နိုင်ငံစုံဒစ်ဂျစ်တယ်ကုမ္ပဏီများ၏အခွန်ကောက်ခံမှုနှင့်လိုက်လျောညီထွေဖြစ်စေရန်နည်းပညာများအသုံးချခြင်းအပါအဝင် အတိုင်းအတာများစွာကိုအကောင်အထည်ဖော်ခြင်းကြောင့်ဝင်ငွေတိုးလာရခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

အငြင်းပွားမှု ဖြေရှင်းရေးမူဘောင်တစ်ရပ်ကို လက်ခံကျင့်သုံးခြင်းသည် ရှည်လျားသောတရားရေးလုပ်ငန်းစဉ်များကို ရှောင်ရှားရန် အခွန်အငြင်းပွားမှုများကို ပြေပျောက်စေကြောင်း ကင်ညာအရာရှိက ပြောကြားခဲ့သည်။

**Source : Xinhua**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

# STOCK EXCHANGE (28.7.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 25th Jul. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,356 (Shares) | 36,390,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,300 | +100 | +1.39% | 7,300 | 7,300 | 7,300 | 652 | 4,759,600 | 33,109,694 | 241,701 |
| MTSH | 00002 | 3,350 | +50 | +1.52% | 3,400 | 3,400 | 3,300 | 4,351 | 14,653,350 | 38,929,150 | 130,413 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 2,000 | +50 | +2.56% | 1,950 | 2,000 | 1,950 | 3,718 | 7,250,650 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 2,382 | 6,193,200 | 12,823,224 | 33,340 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,650 | 394 | 650,100 | 19,977,223 | 32,962 |
| AMATA | 00007 | 3,600 | +0 | +0.00% | 3,600 | 3,600 | 3,500 | 241 | 844,600 | 10,497,598 | 37,791 |
| MAEX | 00008 | 3,300 | -50 | -1.49% | 3,300 | 3,300 | 3,300 | 618 | 2,039,400 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 25th Jul. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 368.59 | +2.42 | +0.66% | 369.36 | 369.36 | 366.21 | 12,356 | 36,390,900 | 8 | 695,220 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 25th Jul. 2025

| Trading Volume | Trading Value |
|---|---|
| 12,806 (Shares) | 37,718,400 (MMK) |

### Main Board

As of 1:00 pm, 25th Jul. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,356 (Shares) | 36,390,900 (MMK) |

| MYANPIX | 368.59 ▲ 2.42 |
|---|---|
| Total Volume (shares) | 12,356 |
| Total Value (MMK) | 36 mil |
| Listed Company | 8 |
| Market Cap. (MMK) | 695,220 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,300 | ▲ 100 |
| MTSH | 00002 | 3,350 | ▲ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 50 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 3,600 | ▲ 0 |
| MAEX | 00008 | 3,300 | ▼ 50 |